**Statement on 2018 VFV law by IDPs from Kachin and Northern Shan state**

Date: 26th November 2018

The 60-years long civil war in Myanmar led to 1.1 million IDPs and refugees living in IDP camps inside the country and refugee camps in other countries for their security. Because of the recent civil war which flared up again in 2011, there are about 120,000 IDPs living in IDP camps in Kachin and Northern Shan states.

The 2018 Vacant, Fallow and Virgin Land Management Law approved by the parliament last September 11th 2018, introduces a deadline for land registration. Article 22 (b) of the 2018 VFV Law states that the land has to be registered within the six months after the law was approved, and further states that people who do not follow this law will be imprisoned for 2 years or will be charged for 500,000 kyats or both.

In relation to the new 2018 VFV law, an announcement was made by the VFV management committee on October 30th 2018. This announcement is entitled “Announcement to the people and organizations which are using the vacant, fellow and virgin lands without the permission of the central committee”. The announcement was confirmed in the Myanmar Ah Lin newspaper on November 2nd 2018 in an article referring to the “Announcement on vacant, fellow and virgin land registration”.

This law and especially Article 22 (b) is threatening the land security of IDPs from Kachin and Northern Shan states. Thus, the IDPs from Kachin and Northern Shan states are releasing this statement.

1. The lands that IDPs have left behind are not vacant, fallow or virgin land. Before the fighting happened in 2011, our ancestors were the original occupant and had worked on those lands using our own customary practices.

2. IDPs who are displaced because of the civil war are people whose rights are being violated, and we fully intend to go back to our original lands once the country is in peace.

3. We IDPs are concerned for our land because companies are coming into the area in different ways and are working on our lands, for banana and other types of plantations. We, the affected IDPs, have sent complaints to the Kachin state government to protect our land from being confiscated by companies twice; once on 2017 October 13th and on 2018 April 3rd. However, our lands and our original places are still insecure.

4. We IDPs and refugees have the right to own our houses, our lands and our original places, according to the Pinheiro Principles of the United Nations.

5. The people’s government elected by people has to stop providing land registration and giving permission to companies and outsiders to work or use the land of IDPs. The government is obliged to fully protect the people.

6. The people’s government elected by the people must stop companies which try to take the land of IDPs for banana plantation and other plantation, and must take action on them as needed.

7. The people’s government elected by people must prevent the IDPs’ original land from being registered as forest land or state owned land.

8. The people’s government elected by people must take full responsibility to give back the land and natural resources that the 1.1-million displaced persons and refugees left behind when the latter are able to return back to their land. And until the IDPs return back to their land, the government must take full responsible to protect the IDPs properties and lands.

9. The VFV Law (2018) goes against the 2016 National Land Use Policy and does not recognize the customary land practice of the indigenous people. Moreover, this law is making the indigenous people to become criminals. This article is not in line with federal democracy standards and can cause land conflicts in ethnic reconciliation and peace process. This law can also make the IDPs to become landless people and threaten the land security. Thus, we release this statement calling for the abolishment of this law.

By IDPs from Kachin and Shan states

U Too Nan – 09895031893
Daw Ywe Sont – 09778825331
U La Dee – 09776357919
Daw La Shee Hkaung – 09258692962
U Bran Taung – 18187269568
U La Zun Tan Gyee - 15687574992

## မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) နှင့် ဆက်စပ်ကြေငြာချက်အပေါ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူ IDPs များ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၇ နိုဝင်ဘာလ ၂၀၁၈ ခုနှစ်

မြန်မာနိုင်ငံ၏ နှစ်ပေါင်း (၆၀)ကျော် ပြည်တွင်းစစ်ကြောင့် ၁၁ သိန်းဝန်းကျင် သော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ (IDPs)နှင့် ဒုက္ခသည် (Refugees) များသည် ပြည်တွင်း စစ်ဘေးရှောင်စခန်းများ၊ အခြားနိုင်ငံများရှိ ဒုက္ခသည်စခန်းများတွင် အသက်ဘေးလုံခြုံရန်အတွက် ခိုလှုံလျက်ရှိသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၁ခုနှစ် တကျော့ပြန်ပြည်တွင်းစစ်ကြောင့် ၁၂၀၀၀၀ ခန့်သော ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ (IDPs)မှာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း ရှိ စစ်ဘေးရှောင်စခန်းများ တွင် လက်ရှိအသက်ဘေးလုံခြုံရန်အတွက် ခိုလှုံနေရသည်။

၂၀၁၈ စက်တင်ဘာလ (၁၁) ရက်နေ့တွင် လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းသည့် မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈)နှင့် ဆက်စပ်သော မြေလွတ်မြေလပ် မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီအမည်ဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့ နေ့စွဲပါ "ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိပဲ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ရယူ အသုံးပြုလျှက်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အသိပေး အကြောင်းကြားခြင်း" စာအမှတ် ၁၂/မလရ-၁ (၃၇၈/၂၀၁၈) ကြေညာချက်နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၂) ရက် မြန်မာ့အလင်း သတင်းစာပါ "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း" များကို တွေ့ရှိရပါသည်။ အဆိုပါ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး (၆)လ အတွင်းသတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်ရမည်ဟု ဖော်ပြထားမှုသည် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ၏ မြေနေရာဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်နေသောကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်နေရသူ IDPs များ၏ အောက်ပါ သဘောထားကို ထုတ်ပြန်လိုက်သည်။

၁။ ကျွန်ုပ်တို့ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူ IDPs များ နေရပ်စွန့်ခွာခဲ့ရသောမြေနေရာများသည် မြေလွတ်မြေလပ်မြေရိုင်းမဟုတ်ပါ။ ၂၀၁၁ ခုနှစ် စစ်မဖြစ်မီ၊ ရှေ့ဘိုးဘွားဘီဘင်ကတည်းက ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုဖြင့် ဓားမဦးချလုပ်ကိုင်စားသောက်လာသော မြေနေရာများဖြစ်သည်။

၂။ ၂၀၁၁ခုနှစ်တွင် တကျော့ပြန်လည်ဖြစ်ပွားလာသည့် စစ်ကြောင့် အသက်ဘေးလွတ်မြောက်ရာသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသော လူအခွင့်အရေးချိုးဖောက်ခံနေရသည့် မိမိတို့ နေရပ်စွန်ခွာသူများအနေဖြင့် နိုင်ငံရေးအေးချမ်းမှုရှိလာသည်နှင့် တပြိုင်နက် မိမိတို့၏ မူရင်းမြေနေရာသို့ နေရပ်ပြန်ကြမည်ဖြစ်ပါသည်။

၃။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ မြေနေရာများတွင် ငှက်ပျောစိုက်ပျိုးခြင်းနှင့် အခြားစိုက်ပျိုး ထုတ်ကုန်စိုက်ပျိုးရန် ကုမ္ပဏီများမှ နည်းမျိုးစုံဖြင့် ဝင်ရောက်နေရာယူ စိုက်ပျိုးမှုများ ရှိနေသောကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများမှာ စိုးရိမ်ပူပန်သောကရောက်နေရပြီး ၎င်း ကုမ္ပဏီများ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ၏ မြေနေရာများကို ဝင်ရောက်မြေသိမ်းယူလာခြင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ်အစိုးရမှ ကာကွယ်ပေးပါရန် မိမိတို့ အနေဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ( ၁၃ ) ရက်

တွင်တစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဧပြီလ ( ၃) ရက်တွင် တစ်ကြိမ် စာဖြင့် တင်ပြခဲ့ပြီးဖြစ်သော်လည်း လက်ရှိ တွင် မိမိတို့၏ မူရင်းနေရပ်ရှိမြေနေရာများ လုံခြုံမှု၊ကာကွယ်မှုကင်းမဲ့ လျက်ရှိနေသည်။

၄။ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ အခွင့်အရေးများထဲမှ အခွင့်အရေးတစ်ခုဖြစ်သော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDPs) များ၊ ဒုက္ခသည် (Refugees) များ၏ အိုးအိမ်မြေယာ ပြန်လည်ပိုင်ဆိုင်ခွင့်အခွင့်အရေး (ကမ္ဘာ့ကုလသမဂ္ဂ (UN) ၏ ပင်ဟဲရိုး အခြေခံမူ) အရ မိမိတို့၏ အိုးအိမ်မြေနေရာ ပိုင်ဆိုင်မှု များကို ပြန်လည်ပိုင်ဆိုင်ခွင့် ရှိသည်။

၅။ ပြည်သူရွေးကောက်တင်မြှောက်ထားသော ပြည်သူ့အစိုးရအနေဖြင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ စွန့်ခွာထားခဲ့ရသည့် မူရင်းဒေသရှိ မြေနေရာ၊တောတောင်သဘာဝသယံဇာတများကို ကုမ္ပဏီများ၊ အခြားသူများမှ မှတ်ပုံတင်ခြင်း၊ လုပ်ပိုင်ခွင့်၊ အသုံးချခြင်းများမှ ရပ်တန့်စေပြီး နိုင်ငံတော်မှ ပြည်သူများကို အပြည့်အဝကာကွယ်ပေးရမည်ဖြစ်သည်။

၆။ ပြည်သူရွေးကောက်တင်မြှောက်ထားသော ပြည်သူ့အစိုးရအနေဖြင့် ဒုက္ခအတိရောက်နေပြီးဖြစ်သည့် ပြည်တွင်း နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများ၏ မြေနေရာများကို ငှက်ပျောနှင့် အခြားစိုက်ပျိုးရေး အတွက် နည်းမျိုးစုံဖြင့်ရယူ ရန်ကြိုးစားနေသော၊ နည်းမျိုးစုံဖြင့် ရယူထားသော ကုမ္ပဏီများကို တားမြစ်ပိတ်ပင်၍ လိုအပ်သလို စီစစ်အရေးယူပေးရမည်ဖြစ်သည်။

၇။ ပြည်သူရွေးကောက်တင်မြှောက်ထားသော ပြည်သူ့အစိုးရအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ စွန့်ခွာထားခဲ့ရသည့် မူရင်းဒေသရှိ မြေနေရာ၊တောတောင်သဘာဝသယံဇာတများကို သစ်တောမြေများ သတ်မှတ်ခြင်း၊ အစိုးရပိုင်မြေနေရာများသတ်မှတ်ခြင်းမှ ကာကွယ်ပေးရမည်ဖြစ်သည်။

၈။ ပြည်သူရွေးကောက်တင်မြှောက်ထားသော ပြည်သူ့အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ပှမ်းလုံးရှိ ၁၀ သိန်း ဝန်းကျင်သော ပြည်တွင်းနေရပ်စွန့်ခွာတိမ်ရှောင်နေရသူများ၊ ဒုက္ခသည်များစွန့်ခွာထားခဲ့ရသည့် မူရင်း နေရပ်ဒေသ ကျေးရွာမြေဧရိယာအဝန်းအပိုင်းရှိ မြေနေရာများ၊တောတောင်သဘာဝသယံဇာတများကို နေရပ်ပြန်ချိန်တွင် ၎င်းတို့၏ အခွင့်အရေးနှင့်အညီ ယခင်အတိုင်း ပြန်လည်ရယူခံစားပိုင်ဆိုင်ခွင့်ရရန်နှင့် နေရပ်မပြန်နိုင်သေးသည့်အခြေအနေတွင် အစိုးရမှ ၎င်းတို့၏ အိုးအိမ်မြေယာ ပိုင်ဆိုင်မှုများ ဘေးကင်း လုံခြုံရန်အတွက် အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်သည်။

၉။ ဤမြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေကိုပြန်လည်ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၃)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသောထောင်ဒါဏ်၊ ကျပ် ၅သိန်းထက်မပိုသောငွေဒါဏ်ဖြစ်စေ၊ ဒါဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟု ဖော်ပြချက်မှာ ၂၀၁၆ ဒီမိုကရေစီအစိုရလက်ထက် အတည်ပြုပြီးဖြစ်သော အမျိုးသားမြေအသုံးချမှုမူဝါဒ ကိုဆန့်ကျင်နေခြင်း၊ တိုင်ရင်းသားဒေသရှိ မိမိတို့၏ ဓလေ့ထုံးတမ်းမြေယာ ပိုင်ဆိုင်အသုံးချစီမံခန့်ခွဲမှုကို အသိအမှတ်မပြုသည်သာမက ဌာနေဒေသခံတိုင်းရင်းသားများကို ရာဇဝတ်သားအဖြစ်သို့ တွန်းပို့သကဲ့သို့ဖြစ်ခြင်း၊ ဖယ်ဒရယ်ဒီမိုကရေစီနှင့် ကိုက်ညီမှုမရှိ ခြင်း၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးထိခိုက်စေသော မြေယာပြဿနာများတိုးပွားမှုများလာနိုင်ခြင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ မြေနေရာများ

ပြန်လည်ပိုင်ဆိုင်ခွင့်ကင်းမဲ့စေနိုင်ခြင်းနှင့် မြေနေရာလုံခြုံမှုများအားခြိမ်းခြောက်နေသောကြောင့် ဤဥပဒေကို ပယ်ဖျက်သင့်ကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်ရှိ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ

ဦးတူးနန် - ဖုန်း - ၀၉ ၈၉၅၀ ၃၁၈၉၃

ဒေါ်ရွယ်စွန့်        - ဖုန်း -၀၉ ၇၇၈၈ ၂၅၃၃၁

ဦးလဒီး               - ဖုန်း - ၀၉ ၇၇၆၃ ၅၇၉၁၉

ဒေါ်လရှီးခေါန်     - ဖုန်း - ၀၉ ၂၅၈၆ ၉၂၉၆၂

ဦးဘရန်တောင် - ဖုန်း - ၁၈၁ ၈၇၂၆ ၉၅၆၈

ဦးလဗွန်တန်ကျိုး - ဖုန်း - ၁၅၆ ၈၇၅ ၇၄၉၉၂